# ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စု ပါလီမန်ဆိုင်ရာလူမျိုးစုလွှတ်တော် နာယကနှင့်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဒုတိယ ဥက္ကဋ္ဌတို့၏ လစာငွေများ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၃၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စု ပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော် နာယကနှင့် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လစာငွေများ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ ၁၉၅၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ပြည်ထောင်စု ပါလီမန်ဆိုင်ရာ လူမျိုးစုလွှတ်တော် နာယကနှင့်ဒုတိယနာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ လစာငွေ များအက်ဥပဒေ၏ ပုဒ်မ ၄ နောက်တွင် အောက်ပါကို ပုဒ်မ ၄-က အဖြစ်ထည့်သွင်း ရမည်။

နာယကနှင့် ဥက္ကဋ္ဌတို့အား ပေးရမည့် စရိတ်ကြေးငွေ။

"၄-က။ ။လူမျိုးစုလွှတ်တော်နာယကနှင့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌမှာ၊ ဤကိစ္စအလို့ငှါ နိုင်ငံတော် သမတ က ပြုသည့် နည်းဥပဒေများနှင့်အညီ ခရီးသွားလာနိုင်ခွင့်ရှိသည့်ပြင်၊ ထိုနည်းဥပဒေများဖြင့် သတ်မှတ်ထားသည့် နှုန်းများအတိုင်း ခရီးစရိတ်များလည်းရယူခွင့်ရှိစေရမည်။"

အတိုး ၁၀ ပြား]

ပ၊မ၊ဗ၊စ၊—အမှတ် ၄၆၊ တရားရေးဝန်ကြီးဌာန၊ ၂၅-၁-၅၇—၂,၂၀၀—၂၆